ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

| | | |
|---|---|---|
| R.N ENTERPRISE LTD (၎င်း၏ကိုယ်စား ဒါရိုက်တာ ဦးဇော်ဝင်းနိုင်) | နှင့် | ၁။ VIVO GROUP OF COMPANIES (၎င်း၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးရဲသူအောင်) ၂။ LEADER TRADE PRODUCTS CO.LTD (၎င်း၏ကိုယ်စားလှယ် ဦးဟန်ဝင်းလွင်) |
| **တရားလို** | | **တရားပြိုင်များ** |

တရားလိုအတွက် - ဒေါ်မူယာ၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်(၁)အတွက် - ဦးမျိုးမောင်မောင်စိုး၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်(၂)အတွက် - ဒေါ်မိုးမိုးအေး၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်။

တရားလို R.N ENTERPRISE LTD က တရားပြိုင်များဖြစ်ကြသည့် VIVO GROUP OF COMPANIES နှင့် LEADER TRADE PRODUCTS CO.LTD တို့အပေါ် "KAto" ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံတစ်ဝှမ်း ဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးရောင်းချခြင်း မပြုရန် ထာဝရတားဝရမ်းရလိုမှုနှင့် လျော်ကြေးငွေကျပ်သိန်း(၂၀၀၀၀)ရလိုမှု စွဲဆိုသည်။

တရားလို ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်အမှတ် ၂၈/၁၉၉၄-၉၅ ဖြင့် တည်ထောင်ဖွဲ့စည်းထားသော ပေးရန်တာဝန်ကန့်သတ်ထားသည့် (ပြည်တွင်း) ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ကြောင်း၊ တရားလိုကုမ္ပဏီအနေဖြင့် တရားဝင်ခွင့်ပြုချက်ရရှိထားသော စီးပွားရေးလုပ်ငန်း အမျိုးအစား(၅)မျိုးအနက် စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများကို တင်သွင်း၍ ပြည်တွင်း ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အထူးအလေးပေး၍ လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြောင်း၊ ထိုင်းနိုင်ငံအခြေစိုက် အမှတ်(၂)တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်ဖြန့်ဖြူးနေသော စားသောက်ကုန်ပစ္စည်း(အဖျော်ယမကာ)အချို့ကို မြန်မာနိုင်ငံဈေးကွက် အတွက်

တရားလိုကုမ္ပဏီက စီစဉ်သွင်းဖြန့်ဖြူးရောင်းချမှုကို ပြုလုပ်ပေးနိုင်ရေးကိစ္စကို နှစ်ဖက်ဆွေးနွေး သဘောတူညီမှုများရရှိသောကြောင့် ထိုင်းနိုင်ငံအခြေစိုက် အမှတ်(၂)တရားပြိုင်ကုမ္ပဏီနှင့် တရားလိုကုမ္ပဏီတို့သည် ၂-၅-၂၀၁၃ ရက်စွဲပါ Exclusive Angency Agreement တစ်စောင်ကို တရားဝင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြကြောင်း၊ အဆိုပါ သဘောတူစာချုပ်အရ တရားလိုကုမ္ပဏီသည် အမှတ်(၂)တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်သော "KAto" ကုန်အမှတ်တံဆိပ် အပါအဝင် ကုန်အမှတ်တံဆိပ်(၄)မျိုးဖြင့် ထုတ်လုပ်သော စားသောက်ကုန်(အဖျော်ယာမကာ)ပစ္စည်းအမျိုးမျိုး ကို မြန်မာနိုင်ငံဈေးကွက်များ၌ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ခွင့်ကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်ရရှိခဲ့ကြောင်း၊ ထိုသို့ လုပ်ပိုင်ခွင့်ရရှိပြီးဖြစ်သည်ကို အကြောင်းပြု၍ တရားလိုကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်း မြို့ကြီးများအပါအဝင် ဈေးကွက်ရှာဖွေခြင်း၊ ဈေးကွက်အရောင်းမြှင့်တင်ခြင်း လုပ်ငန်းများကို ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထား၍ အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ တရားလိုကုမ္ပဏီ၏ ငွေအင်အား၊ လူအင်အား၊ ဈေးကွက် ရှာဖွေနိုင်မှု၊ ကျွမ်းကျင်မှု၊ ပြည့်ဝစွာဆောင်ရွက်မှုများကြောင့် "KAto" ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော သီးစုံဖျော်ရည်(ထုတ်ပိုးမှုပုံစံအမျိုးမျိုး)သည် အမည်ဂုဏ်သတင်းကောင်း ရရှိလျက် အချိန်ကာလတိုအတွင်း အထူးသဖြင့် ရန်ကုန်မြို့ဈေးကွက်၌ "KAto"ကုန်အမှတ်တံဆိပ် ဖြင့် ထုတ်လုပ်ထားသော သီးစုံဖျော်ရည်ကုန်ပစ္စည်းများကို တစ်ဦးတည်းကိုယ်စားလှယ် လုပ်ပိုင်ခွင့် ရရှိထားသူ တရားလိုကုမ္ပဏီ အပြင် ရန်ကုန်မြို့အခြေစိုက် VIVO GROUP OF COMPANIES ဖြစ်သူ အမှတ်(၁)တရားပြိုင်ကလည်း တရားလိုနှင့် ယှဉ်ပြိုင်လျက် အကြီးအကျယ်ဖြန့်ဖြူးရောင်းချ မှုများကို ပြုလုပ်နေကြောင်း စုံစမ်းတွေ့ရှိလာရကြောင်း၊ ထို့ကြောင့် တရားလိုကုမ္ပဏီက ထိုင်းနိုင်ငံ အခြေစိုက်အမှတ်(၂)တရားပြိုင်ကုမ္ပဏီသို့ ဆက်သွယ်ပြောကြားခဲ့သော်လည်း အမှတ်(၂)တရားပြိုင် ကုမ္ပဏီအနေဖြင့် ယင်းကိစ္စကို မည်သို့မျှဆောင်ရွက်ပေးခြင်း မပြုရုံမျှမက သဘောတူချုပ်ဆိုထား သော ၂-၅-၂၀၁၃ ရက်စွဲပါ သဘောတူစာချုပ်ပါစည်းကမ်းချက်များကို အလေးမပြုဘဲ တရားလို ကုမ္ပဏီထံသို့ ၂၅-၁၀-၂၀၁၃ ရက်စွဲပါစာကို ပေးပို့လျက် ကိုယ်စားလှယ်အဖြစ်မှ တစ်ဖက်သတ် ရပ်ဆိုင်းရန် ကြိုးပမ်းဆောင်ရွက်လာကြောင်း၊ ထို့ကြောင့် တရားလိုကုမ္ပဏီအနေဖြင့် ယင်းကိစ္စရပ် အပေါ် လက်မခံကန့်ကွက်ကြောင်းနှင့် "KAto" ကုန်အမှတ်တံဆိပ် ကုန်စည်များကို မြန်မာနိုင်ငံ ဈေးကွက်အတွင်း တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ကို အမှတ်(၂)တရားပြိုင်အနေဖြင့် တစ်ဖက်သတ် ရပ်စဲခွင့်မရှိကြောင်းစာဖြင့် E-mail မှတစ်ဆင့် ပေးပို့အသိပေးခဲ့ကြောင်း၊ ထို့ပြင် အမှတ်(၁) တရားပြိုင်ကုမ္ပဏီထံသို့လည်း ၆-၁၁-၂၀၁၃ ရက်စွဲပါစာကို ရှေ့နေမှတစ်ဆင့် ပေးပို့လျက် အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ် ကုန်စည်များကို ဖြန့်ဖြူးရောင်းချမှုမပြုစေရန် အသိပေး တားမြစ်ခဲ့ကြောင်း၊ သို့ရာတွင် အမှတ်(၁)တရားပြိုင်ကုမ္ပဏီသည် တရားလို၏တောင်းဆိုချက်အား လိုက်နာဆောင်ရွက်ခြင်းမပြုနိုင်ကြောင်းနှင့် ၎င်းသည် အချင်းဖြစ်ကုန်အမှတ်တံဆိပ်ပါ သီးစုံ ဖျော်ရည်များကို ထိုင်းနိုင်ငံရှိ အမှတ်(၂)တရားပြိုင်ကုမ္ပဏီဖြစ်သော LEADER TRADE PRODUCTS CO.LTD ထံမှ တရားလိုကုမ္ပဏီနှင့် ယှဉ်ပြိုင်လျက် ရှေးယခင်ကတည်းကပင် မှာယူတင်သွင်း၊ ဖြန့်ဖြူးရောင်းချမှု ပြုနေခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ်(၁)တရားပြိုင်က ရှေ့နေမှ တစ်ဆင့် ပြန်ကြားပေးပို့လာသော ၁၃-၁၁-၂၀၁၃ ရက်စွဲပါ စာအရ အမှတ်(၂)တရားပြိုင်ဖြစ်သူ ထိုင်းနိုင်ငံအခြေစိုက် LEADER TRADE PRODUCTS CO.LTD သည် "KAto" ကုန်အမှတ်တံဆိပ် အပါအဝင် ကုန်အမှတ်တံဆိပ်(၄)မျိုးဖြင့် ၎င်းကိုယ်တိုင်ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်များအတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် တရားလိုအား ၂-၅-၂၀၁၃ ရက်စွဲပါစာဖြင့် တရားဝင်အရောင်းကိုယ်စားလှယ်ခန့်အပ်မှုပြုခဲ့ သော်လည်း တစ်ပြိုင်နက်တည်းမှာပင် အမှတ်(၁)တရားပြိုင်ကုမ္ပဏီကိုလည်း အချင်းဖြစ်

အခွင့်ရအရာရှိ
ပြန်တိုင်းဒေသကြီးတရားလွှတ်တော်

ကုန်အမှတ်တံဆိပ်ပစ္စည်းများကို ကိုယ်စားလှယ်အနေဖြင့် မဟုတ်ဘဲ အလွတ်သဘော ပေးပို့လျှက် တင်သွင်းဖြန့်ဖြူးရောင်းချစေခဲ့ခြင်းဖြစ်ကြောင်း သိရှိလာရကြောင်း၊ အမှတ်(၁)နှင့်(၂)တရားပြိုင်တို့သည် တရားလိုက ၂-၅-၂၀၁၃ ရက်စွဲပါ Exclusive Angency Agreement အရ “KAto” ကုန်အမှတ်တံဆိပ်ပါ စားသောက်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း တစ်ဦးတည်းဖြန့်ဖြူးရောင်းချခွင့်ရှိမှန်းသိပါလျှက် တရားလို၏အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးစေရန် အချင်းဖြစ် “KAto”ကုန်အမှတ်တံဆိပ်ပစ္စည်းများကို အမှတ်(၂)တရားပြိုင်ကပေးပို့၍ အမှတ်(၁)တရားပြိုင်က ပြည်တွင်းဈေးကွက်များ၌ တရားလိုနှင့် ယှဉ်ပြိုင်ဖြန့်ဖြူး ရောင်းချမှုများ ပြုလုပ်လာသည့်အပြင် အမှတ်(၂)တရားပြိုင်သည် စာချုပ်ပါ သဘောတူစည်းကမ်းချက်များနှင့်အညီ မဟုတ်ဘဲ တရားလိုအပေါ် ၂၅-၁၀-၂၀၁၃ ရက်စွဲပါစာဖြင့် ကိုယ်စားလှယ်သဘောတူစာချုပ်အား တစ်ဖက်သတ်ရုပ်သိမ်းရန် ဆောင်ရွက်လာကြောင်း၊ တရားလိုအနေဖြင့် ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အပေါ် ယုံကြည်မှုအပြည့်ဖြင့် ရင်းနှီးစိုက်ထုတ်လုပ်ကိုင်ခဲ့ရသော အရင်းအနှီးများအတွက် နစ်နာဆုံးရှုံးရသည့်အပြင် တရားပြိုင်(၂)ဦးက ပူးပေါင်း၍ တရားလိုသာလျှင် မှာယူတင်သွင်းဖြန့်ချိရောင်းချခွင့်ရှိသော “KAto”ကုန်အမှတ်တံဆိပ်ပါ ကုန်စည်များကို တရားပြိုင်နှင့်ယှဉ်ပြိုင်၍ မြန်မာနိုင်ငံအတွင်း ဖြန့်ချိရောင်းချမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် တရားလိုကုမ္ပဏီတွင် အမည်ကောင်း၊ ဂုဏ်သတင်း (Good Will)၊ ငွေကြေးနစ်နာဆုံးရှုံးမှုများ ပေါက်ပေါက်ခဲ့ရကြောင်း၊ ထို့ကြောင့် တရားပြိုင်များအပေါ် တရားလို၏နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် နစ်နာကြေးငွေ ကျပ်သိန်း(၂၀၀၀၀)ကို ခံစားရထိုက်ကြောင်း၊ ထို့အပြင် အမှတ်(၂)တရားပြိုင်နှင့် တရားလိုတို့ သဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုထားသော Exclusive Angency Agreement ပါ နှစ်ဖက်သဘောတူစည်းကမ်းချက်များကို လျစ်လျူရှု၍ အမှတ်(၂)တရားပြိုင်က တရားလိုထံသို့ စာချုပ်စည်းကမ်းနှင့်အညီ တင်သွင်းမှာယူသော ကုန်ပစ္စည်းများကို ပေးပို့ခြင်းမပြုဘဲ အမှတ်(၁)တရားပြိုင်ကိုသာလျှင် မှာယူတင်သွင်းရောင်းချနိုင် ရန် ဆောင်ရွက်နေခြင်းကြောင့် ယင်းသို့ ဆောင်ရွက်ခြင်းမပြုရန် တရားပြိုင်များအပေါ် ထာဝရတားဝရမ်းအမိန့်ကိုလည်း ခံစားရထိုက်ခွင့်ရှိကြောင်း အဆိုပြုသည်။

အမှတ်(၁)တရားပြိုင်က ၂-၅-၂၀၁၃ ရက်စွဲပါ Exclusive Angency Agreement စာချုပ်ကို တရားလိုနှင့်တရားပြိုင်အကြား ချုပ်ဆိုခဲ့ခြင်းကိုမူ တရားလိုဘက်မှ အမှတ်(၁) တရားပြိုင်သို့ ပေးပို့ခဲ့သော နို့တစ်စာအရလည်းကောင်း၊ အဆိုလွှာပါ ဖော်ပြချက်အရ လည်းကောင်း သိရှိရကြောင်း၊ အမှတ်(၁)တရားပြိုင်သည် ထိုင်းနိုင်ငံအခြေစိုက် အမှတ်(၂) တရားပြိုင်ကုမ္ပဏီမှ ထုတ်လုပ်သော ပစ္စည်းများကို တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့ အကြား ချုပ်ဆိုခဲ့ပါသည်ဟူသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်မချုပ်ဆိုမီကလည်းကောင်း၊ ထိုစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင် လည်းကောင်း၊ အမှတ်(၁)တရားပြိုင်က အမှတ်(၂)တရားပြိုင်၏ သဘောတူခွင့်ပြုချက်ဖြင့် အချင်းဖြစ်ပစ္စည်းများကို စဉ်ဆက်မပြတ် တင်သွင်းရောင်းချလာခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါစာချုပ် ချုပ်ဆိုပြီးနောက်လည်း ဆက်လက်တင်သွင်း ရောင်းချခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုသို့ အပြိုင်မှာယူတင်သွင်း၍ ယှဉ်ပြိုင်ဖြန့်ဖြူးရောင်းချခဲ့ရာတွင် အမှတ်(၁) တရားပြိုင်က တရားလိုထက်ပိုမို၍ ဖြန့်ဖြူးရောင်းချမှုကို ပြုလုပ်နိုင်သဖြင့် အမှတ်(၂)တရားပြိုင်က ဆက်လက်တိုးမြှင့် တင်သွင်းပေးပို့ခဲ့သဖြင့် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ်(၁)တရားပြိုင်နှင့် အမှတ်(၂)တရားပြိုင်တို့သည် ၃-၂-၂၀၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ ကြောင်း၊ အမှတ်(၁)တရားပြိုင်အနေဖြင့် အချင်းဖြစ်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်းမှာ အမှတ်(၂) တရားပြိုင် နှင့် တရားလိုအကြား ချုပ်ဆိုခဲ့ပါသည်ဟူသော ၂-၅-၂၀၁၃ ရက်စွဲပါ Exclusive

အခွင့်ရ အရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

Angency Agreement ကို ရပ်ဆိုင်းကြောင်း Notice of Termination ကို ၂၅-၁၀-၂၀၁၃ ကတည်းက တရားလိုထံ ပေးပို့ပြီးဖြစ်၍လည်းကောင်း၊ အမှတ်(၁)တရားပြိုင် နှင့် အမှတ်(၂) တရားပြိုင်တို့အကြား ချုပ်ဆိုခဲ့သည့် ၃-၂-၂၀၁၄ ရက်စွဲပါ Sole Agency and Sole Distributor Agreement စာချုပ်အရလည်းကောင်း၊ အမှတ်(၂)တရားပြိုင်က စဉ်ဆက်မပြတ် တိုးမြှင့်တင်သွင်း ပေးပို့ခဲ့၍သာ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုက ၎င်းအား တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် မည်သည့်အချိန်ကခန့်အပ်ကြောင်းကို အမှတ်(၁)တရားပြိုင်အနေဖြင့် ၁၃-၁၀-၂၀၁၃ ရက်စွဲပါ တရားလိုရှေ့နေ၏ ကုန်အမှတ်တံဆိပ်ကြေညာချက်ပါလာသည့် အခါမှ သိရှိခဲ့ရကြောင်း၊ ထိုသို့ နောက်ကျသိရှိခဲ့ရခြင်းမှာ တရားလို၏ပျက်ကွက်မှုကြောင့်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီ အမှတ်(၂)တရားပြိုင်က တင်သွင်းပေးပို့လာသည်ကို အမှတ်(၁) တရားပြိုင်က စဉ်ဆက်မပြတ်ရောင်းချလာခဲ့ခြင်းဖြစ်၍ အမှတ်(၁)တရားပြိုင် ရောင်းချခြင်းသည် တရားလိုကုမ္ပဏီ၏အကျိုးစီးပွား ထိခိုက်ခြင်းနှင့်ဆက်စပ်ခြင်းမရှိ၍ အမှတ်(၁)တရားပြိုင်တွင် လုံးဝ တာဝန်မရှိကြောင်း၊ အချင်းဖြစ်ကိစ္စသည် တရားလိုနှင့် အမှတ်(၂)တရားပြိုင်အကြား ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စသာဖြစ်ပါကြောင်း၊ တရားလိုအနေဖြင့် အမှတ်(၁)တရားပြိုင်အပေါ်တွင် ဤအမှုစွဲရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့ချုပ်ဆိုခဲ့သည် ဟူသည့် ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်ကို ၂၅-၁၀-၂၀၁၃ ရက်စွဲပါ Notice of Termination ဖြင့် ရပ်ဆိုင်းပြီး ဖြစ်၍လည်းကောင်း၊ အမှတ်(၁)တရားပြိုင်နှင့် အမှတ်(၂)တရားပြိုင်အကြား ချုပ်ဆိုခဲ့သည် ၃-၂-၂၀၁၄ ရက်စွဲပါ Sole Agency and Sole Distributor Agreement စာချုပ်အရလည်းကောင်း လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ချုပ်ဆိုပြီးဖြစ်၍ ထာဝရတားဝရမ်းအမိန့်ကို တရားလိုအနေဖြင့် ခံစားရထိုက်ခွင့်မရှိကြောင်း ချေပထားသည်။

အမှတ်(၂)တရားပြိုင်ကုမ္ပဏီက တရားလိုနှင့် ၎င်းတို့အကြား ချုပ်ဆိုခဲ့သည့် ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အရ တရားလိုသည် တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချနိုင်သော်လည်း ယင်းစာချုပ်၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်ပေးထားခြင်းမရှိကြောင်း၊ ယင်းစာချုပ်မချုပ်ဆိုမီ ဆွေးနွေးစဉ်အခါကလည်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်ညှိနှိုင်း သဘောတူခဲ့ခြင်းမရှိကြောင်း၊ ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်တွင်လည်း မြန်မာနိုင်ငံဈေးကွက်များ၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်ပြုကြောင်း သဘောတူသည့် အချက်ပါရှိသော မည်သည့်သဘောတူညီချက်မျှ ထည့်သွင်းသဘောတူ ချုပ်ဆိုထားခဲ့ခြင်းလည်းမရှိကြောင်း၊ ထို့အပြင် ဖြန့်ဖြူးရောင်းချနိုင်မှုအားနည်းခြင်း၊ ကြိုးစားအားထုတ်မှု အားနည်းခြင်းတို့ကြောင့် စာချုပ်ပါ သဘောတူညီချက်အပိုဒ်(၃)၊ အပိုဒ်ခွဲ(၇)ပါ သဘောတူထားသည့် သတ်မှတ်ချိန်အတွင်း သဘောတူသတ်မှတ်ထားသည့်ကုန်ပစ္စည်းအရေအတွက် ပြည့်မီအောင် မှာယူဖြန့်ဖြူးရောင်းချနိုင်မှုမရှိသည့်အတွက် စာချုပ်ပါသဘောတူညီချက် အပိုဒ်(၃)၊ အပိုဒ်ခွဲ(၃) နှင့်အညီ ၂-၅-၂၀၁၃ ရက်စွဲပါ Exclusive Angency Agreement ကို ရပ်ဆိုင်းကြောင်း Notice of Termination ကို ၂၅-၁၀-၂၀၁၃ ကတည်းက တရားလိုထံပေးပို့ပြီး ၂-၁၂-၂၀၁၃ ရက်စွဲပါ Comfirmation of Termination ပေးပို့ရပ်ဆိုင်းခဲ့ပြီးဖြစ်ကြောင်း၊ အမှတ်(၂)တရားပြိုင် ထုတ်လုပ်သည့် "KAto" ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော သီးစုံဖျော်ရည်ထုတ်ပိုးမှုပုံစံ အမျိုးမျိုး၊ ကုန်ပစ္စည်းများသည် ကုန်ပစ္စည်းအရည်အသွေးကောင်းမွန်ခြင်း၊ ထုတ်ပိုးမှုလုပ ကောင်းမွန်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များတွင် နာမည်ကောင်းသတင်းကျော်ကြားခြင်းတို့ကြောင့် တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့အကြား ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ် မချုပ်ဆိုမီ ကတည်းက တရားလို၊ အမှတ်(၁)တရားပြိုင် အပါအဝင် မြန်မာနိုင်ငံမှ ဖြန့်ဖြူးရောင်းချရေး ကုမ္ပဏီ

များမှ အပြိုင်မှာယူတင်သွင်း၍ ယှဉ်ပြိုင်ဖြန့်ဖြူးရောင်းချခဲ့ကြခြင်းဖြစ်ကြောင်း၊ တရားလိုသည် မှာယူဖြန့်ဖြူးမှုအားအနည်းဆုံးဖြစ်ကြောင်း၊ ယင်းသို့ရပ်ဆိုင်းပြီးနောက်မှ အမှတ်(၂)တရားပြိုင်နှင့် အမှတ်(၁)တရားပြိုင်တို့သည် ၃-၂-၂၀၁၄ တွင် Sole Agency and Sole Distributor Agreement ချုပ်ဆိုခဲ့ပြီး ကုန်ပစ္စည်းများကို အမှတ်(၁)တရားပြိုင်က လွတ်လပ်စွာ မှာယူတင်သွင်း ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ်(၂)တရားပြိုင်အနေဖြင့် ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ် အရသော်လည်းကောင်း၊ အခြားမည်သည့်အကြောင်းအရာများအရသော် လည်းကောင်း၊ တရားလို အား အသိပေးရန်တာဝန်မရှိကြောင်း၊ တရားလို၏ကြိုးစားအားထုတ်မှု အားနည်းခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့် ဖြန့်ဖြူးရောင်းချနိုင်မှုအား ကျဆင်းပြီး အကျိုးစီးပွားထိခိုက်ခြင်းသည် အမှတ်(၂)တရားပြိုင်တွင် လုံးဝတာဝန်မရှိကြောင်း၊ တရားလို၏ ကြိုးစားအားထုတ်မှုအပေါ်တွင် သာ တည်မှီသောကြောင့် တရားလို၏တာဝန်သာဖြစ်ကြောင်း၊ တရားလိုမှာ ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အပေါ် အခြေခံကာ တရားစွဲဆိုခြင်းဖြစ်၍ အဆိုပါ ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အပိုဒ် (၃) တွင် တရားလို၏တာဝန်များအား ဖော်ပြထားပြီး ရပ်ဆိုင်းနိုင်သည့်အခြေအနေများပေါ်ပေါက်လာ ပါက ရပ်ဆိုင်းနိုင်ကြောင်း ဖော်ပြပါရှိထားသည်ဖြစ်၍ ရပ်ဆိုင်း နိုင်ကြောင်းဖော်ပြထားသည့် စာချုပ်အပေါ် အခြေခံ၍ ထာဝရတားဝရမ်း စွဲဆိုပိုင်ခွင့်မရှိပါသဖြင့် အမှတ်(၂)တရားပြိုင်အပေါ် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ထို့အပြင် ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်သဘောတူ ညီချက် အပိုဒ်(၈)တွင် Exclusive Angency Agreement အငြင်းပွားမှု ပေါ်ပေါက်လာပါက အနုညာတခုံသမာဓိအက်ဥပဒေ ၁၉၄၄ THE ARBITRATION-1944 ဖြင့် ညှိနှိုင်းဖြေရှင်းကြရန် သဘောတူပါရှိသဖြင့် တရားလိုအနေဖြင့် စာချုပ်သဘောတူညီချက်အပိုဒ်(၈)ပါအတိုင်း ဖြေရှင်းခြင်း မပြုရသေးသည့် အခြေအနေတွင် အမှတ်(၂)တရားပြိုင်အပေါ် ယခုအမှု စွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ နစ်နာကြေးငွေများကိုလည်း ခံစားရထိုက်ခွင့်မရှိကြောင်း၊ ထို့ပြင် “KAto” ကုန်အမှတ်တံဆိပ် အမှတ်အသားကို အမှတ်(၂)တရားပြိုင်က The Owner and Sole Proprietor of the following Trademark အဖြစ် မှတ်ပုံတင်ခဲ့ပြီး မှတ်ပုံတင်အမှတ် ၄/၄၃၃၂/၂၀၁၂ ဖြင့် ပိုင်ဆိုင်ထားသူဖြစ်ကြောင်း၊ “KAto”ကုန်အမှတ်တံဆိပ်ပါ သီးစုံဖျော်ရည် ကုန်ပစ္စည်းများသည် လည်း အမှတ်(၂)တရားပြိုင်က ထုတ်လုပ်ဖြန့်ချီသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ သို့ဖြစ်၍ ထာဝရ တားဝရမ်းအမိန့် လျှောက်ထားတောင်းယူခွင့် တရားလိုတွင် အခွင့်အရေးမရှိကြောင်း ချေပသည်။

နှစ်ဖက်အဆိုအချေများအရ အောက်ဖော်ပြပါ ရုံးငြင်းချက်(၅)ရပ်ကို ထုတ်နုတ်ခဲ့ သည်။

(၁) တရားပြိုင်(၁)သည် တရားလိုနှင့်တရားပြိုင်(၂)တို့ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်မချုပ်မီကပင် အချင်းဖြစ် “KAto”ကုန်အမှတ်တံဆိပ် ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနေသူဖြစ်သည်ဆိုလျှင် မှန်ပါသလား။

(၂) တရားပြိုင်(၂)သည် တရားလိုနှင့်ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ် အရ အချင်းဖြစ် “KAto” ကုန်အမှတ်တံဆိပ်များကို တရားလိုအား မြန်မာနိုင်ငံ၌ တစ်ဦးတည်းသောကိုယ်စားလှယ်အဖြစ် ခွင့်ပြုခဲ့ခြင်းမရှိဟု ဆိုလျှင် မှန်ပါသလား။

(သို့မဟုတ်)

တရားလိုသည် တရားပြိုင်(၂)နှင့် ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ် အရ အချင်းဖြစ် “KAto” ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံ၌

အခွင့်ရ အရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့် ရရှိခဲ့သည်ဆိုလျှင် မှန်သလား။

(၃) တရားပြိုင်(၂)သည် တရားလိုနှင့် ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်ပါ ဆိုသောတူညီချက် အပိုဒ်(၃)၊ အပိုဒ်ခွဲ(၃)နှင့်အညီ ဖြန့်ဖြူးရောင်းချခွင့်ကို ရုပ်သိမ်းထားပြီးဖြစ်သည်ဆိုလျှင် မှန်သလား။

(၄) တရားလိုသည် တရားပြိုင်(၁)နှင့်(၂)တို့ ပူးပေါင်း၍ အချင်းဖြစ် “KAto” ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းကို ဖြန့်ဖြူးရောင်းချမှုအတွက် လျော်ကြေးငွေ ကျပ်သိန်း(၂၀၀၀၀) တိတိ ရခွင့်ရှိသည်ဆိုလျှင် မှန်သလား။

(၅) တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

အဆိုအချေ ၊ နှစ်ဖက် သက်သေခံချက်များ၊ သက်သေခံစာရွက်စာတမ်းများနှင့် နှစ်ဖက်လျှောက်လဲချက်များအရ ငြင်းချက်များကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ်(၁)</u>

တရားလိုR.N ENTERPRISE LTD သည် သက်သေခံ(ခ)အရ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ် ၂၈/၁၉၉၄-၉၅ ဖြင့် မှတ်ပုံတင်ထားရှိပြီး ဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းများ အနက် စားသောက်ကုန်နှင့် အဖျော်ယမကာပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပမှ တင်သွင်းဖြန့်ချိခြင်းများကို လုပ်ကိုင်လျက်ရှိသည်။

တရားလိုကုမ္ပဏီ၏ကိုယ်စား ဦးဇော်ဝင်းနိုင်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTDမှထုတ်လုပ်သော “KAto” ကုန်အမှတ်တံဆိပ်ဖြင့် ပလပ်စတစ်အချိုရည်ဘူးများကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးလို၍ နှစ်ဖက် တွေ့ဆုံညှိနှိုင်းပြီးနောက် အမှတ်(၂)တရားပြိုင်ကုမ္ပဏီထံမှ မြန်မာနိုင်ငံအတွင်း စမ်းသပ်ဖြန့်ချိနိုင်ရန် ကွန်တိန်နာ(၁)လုံးစာ ငွေအကြေပေးချေဝယ်ယူခဲ့ကြောင်း၊ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် တရားလိုကုမ္ပဏီအနေဖြင့် အရောင်းမြှင့်တင်ရေးဝန်ထမ်းခန့်အပ်ခြင်း၊ ပစ္စည်းထားရန်နေရာ ငှားရမ်းခြင်း၊ ဖြန့်ဖြူးနိုင်ရန် ကုန်တင်ကားဝယ်ခြင်း၊ ပစ္စည်းတင်သွင်းမှုနှင့်ပတ်သက်သော လိုင်စင် အခွန်အခများပေးဆောင်ခြင်း၊ အရောင်းမြှင့်တင်ပွဲများပြုလုပ်ခြင်း၊ ပစ္စည်းရောင်းကုန်မှ ပစ္စည်းဖိုး ပြန်ရှင်းရသောစနစ်ဖြင့် ခက်ခဲစွာဖြန့်ချီရောင်းချခဲ့ရာမှ ရောင်းချခြင်းအခြေအနေ ကောင်းမွန်၍ အမှတ်(၂)တရားပြိုင်ကုမ္ပဏီမှ နောက်ထပ်(၂)ကြိမ်၊(၃)ကြိမ် ထပ်မံတင်သွင်းရောင်းချနိုင်ခဲ့သော ကြောင့် ၂၀၁၃ ခုနှစ် မေလတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ သက်သေခံ(ဃ)၊ သက်သေခံ(၂၅) ၂-၅-၂၀၁၃ နေ့စွဲပါ Exclusive Angency Agreement စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း၊ စာချုပ်အား တရားလို R.N ENTERPRISE LTD ဘက်မှ ဒါရိုက်တာအဖွဲ့ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၊ ဒါရိုက်တာ နှင့် အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTD ကိုယ်စား မစ္စတာ ကတ်နာဟီရာနက်စ် က မန်နေဂျင်းဒါရိုက်တာအဖြစ် လည်းကောင်း လက်မှတ်ထိုးခဲ့ပြီး ယင်းစာချုပ်ကို ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး ပထမကောင်စစ်ဝန်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဌာန တာဝန်ရှိသူတို့က အသိအမှတ်ပြုမှတ်တမ်းတင်လက်မှတ်ရေးထိုးပေးခဲ့သည်ဟု တရားလို ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဦးဇော်ဝင်းနိုင်၏ ထွက်ဆိုချက်အပေါ် နှစ်ဖက်အငြင်းပွားမှုမရှိခဲ့ပေ။

တရားလိုကုမ္ပဏီအနေဖြင့် ရန်ကုန်အပြင် ၎င်း၏ဖောက်သည် လက်လီ၊ လက်ကား ဆိုင်များရှိရာ ပုသိမ်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ ၊ မော်လမြိုင်၊ တောင်ကြီး စသည့်မြို့ကြီးများသို့ ပို့ပြီး ရောင်းချရာတွင် နှစ်သက်သုံးစွဲသူများပြီး ရောင်းအား ကောင်းလာစဉ် ၎င်းကုမ္ပဏီမှ ဖြန့်ဖြူး

မူရင်းနှင့်မိတ္တူမှန်ကန်ကြောင်း
အစ္စင့်ဂျအရာရှိ
ရှန်ထုန့်တိုင်းဒေသကြီးတရားလွှတ်တော်

ရောင်းချသော "KAto" ကုန်အမှတ်တံဆိပ် အချိုရည်ဘူးနှင့် အမျိုးတူပစ္စည်းများကို ၎င်းတို့ထက် ဈေးနှုန်းသက်သာပြီး ကောင်းမွန်သောကြွေးစနစ်ဖြင့် ဆက်သွယ်ရောင်းချမှုများရှိကြောင်း ကုမ္ပဏီ၏ လက်ကားကုန်သည်အချို့က ပြော၍ သိလာရသဖြင့် ထိုင်းနိုင်ငံရှိ ကုမ္ပဏီထံသို့ ဆက်သွယ်မေးမြန်းရာ အမှတ်(၂)တရားပြိုင်ကုမ္ပဏီဘက်မှ အခြားသူသို့ရောင်းချခြင်းမရှိဟု ငြင်းဆိုသော်လည်း စုံစမ်းမေးမြန်းမှုပြုခဲ့ရာမှ ထိုသို့ ဖြန့်ဖြူးရောင်းချနေသည့်ကုမ္ပဏီမှာ VIVO ကုမ္ပဏီဖြစ်ကြောင်း သိရှိရသည်။

VIVO GROUP OF COMPANIES သည် ၁၅-၅-၂၀၁၃ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၇၁၉/၂၀၁၃-၂၀၁၄ ဖြင့် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်သည်။

တရားလိုကုမ္ပဏီမှ သက်သေခံ(ဃ)စာချုပ်အား ချုပ်ဆိုပြီးနောက် အမှတ်(၂) တရားပြိုင်ထံမှ ကုန်ပစ္စည်းအရေအတွက် ကွန်တိန်နာ(၉)လုံး၊ ခန့်မှန်းတန်ဖိုး ထိုင်းဘတ်ငွေ (၃)သန်းခန့်ကို သက်သေခံ(ဈ) ကုန်ဝယ်ပြေစာများအရ ကုန်ပစ္စည်းများကို ကြိုတင်ငွေပေးချေစနစ်ဖြင့် တင်သွင်းလျှက် မြန်မာပြည်အတွင်း ဖြန့်ဖြူးရောင်းချနေစဉ် အမှတ်(၁) တရားပြိုင်ဖြစ်သူ VIVO GROUP OF COMPANIES က ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချမှုများ ပြုလာခဲ့၍ တရားလိုကုမ္ပဏီမှ သက်သေခံ(ဃ)စာချုပ်အရ တစ်ဦးတည်းဖြန့်ဖြူးရောင်းချမှု ကိုယ်စားလှယ်ဖြစ်သောကြောင့် ၁၃-၁၀-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် "KAto" ကုန်အမှတ်တံဆိပ်ပါ စားသောက်ကုန်ပစ္စည်းများကို အခြားသူများထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုရန်တားမြစ်သတိပေးကြေညာချက် သက်သေခံ(ဇ)ကို ထည့်သွင်းပြီးနောက် အမှတ်(၁)တရားပြိုင်၏ ယှဉ်ပြိုင်ရောင်းချမှုများအပေါ် ရှေ့နေမှတစ်ဆင့် ၆-၁၁-၂၀၁၃ ရက်စွဲပါ သက်သေခံ(စ)နို့တစ်စာပေးပို့တားမြစ်ရာတွင် အမှတ်(၁)တရားပြိုင်ကုမ္ပဏီက သက်သေခံ(ဆ) ၁၃-၁၁-၂၀၁၃ ရက်စွဲပါစာဖြင့် ပြန်ကြားခဲ့သည်။

အမှတ်(၁)တရားပြိုင်က ပြန်ကြားပေးပို့သော သက်သေခံ(ဆ)စာတွင် ၎င်းတို့ကုမ္ပဏီသည် အစကနဦးကတည်းက LEADER TRADE PRODUCTS CO.LTD ထံမှ တိုက်ရိုက်တရားဝင်ပေးပို့လာခြင်းကို ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အမှတ်(၁)တရားပြိုင်ကုမ္ပဏီ၏ ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးရဲသူအောင်ကလည်း "KAto" ကုန်အမှတ်တံဆိပ် သစ်သီးဖျော်ရည်ဘူးများကို ၂၃-၁-၂၀၁၃ ရက်နေ့ကတည်းက မှာယူတင်သွင်းရောင်းချခဲ့ခြင်းမှာ ယနေ့အချိန်ထိဖြစ်ကြောင်း ထွက်ဆိုသည်။

ထိုနည်းတူ အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTD ကိုယ်စား ဦးဟန်ဝင်းလွင်က ၂၀၁၂ ၊ ၂၀၁၃ နှစ်ဦးပိုင်းကာလများကတည်းက "KAto" ကုန်အမှတ်တံဆိပ်ဖြင့် စားသောက်ကုန်များကို အမှတ်(၁)တရားပြိုင် VIVO GROUP OF COMPANIES မှ မှာယူတင်သွင်းမှုများရှိပြီး ၎င်းတို့က နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် VIVO GROUP OF COMPANIES မှ ပေးပို့ခိုင်းသည့် ဂိတ်များသို့ ပေးပို့ခဲ့ရကြောင်း ထွက်ဆိုချက်ရှိပြီး ဖြစ်သည်။ ထိုသို့ပေးပို့ရာတွင် အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTD နှင့် တရားလိုတို့ သက်သေခံ(ဃ) စာချုပ်မချုပ်ဆိုမီ လွန်ခဲ့သည့် ၂၀၁၂ ခုနှစ် ကာလကတည်းက အမှတ်(၁)တရားပြိုင်ကုမ္ပဏီက အဲဗားရိတ်ကုမ္ပဏီအမည်ဖြင့် ကုန်ပစ္စည်းများမှာယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

အမှတ်(၁)တရားပြိုင် ကုမ္ပဏီဘက်မှ တင်ပြထားသော သက်သေခံ(၉)မှ(၁၄)ထိ ကုန်ပို့ပြေစာများအရ အမှတ်(၁)တရားပြိုင်ကုမ္ပဏီ၏ကိုယ်စား ဦးရဲသူအောင်က အဲဗားရိတ်ကုမ္ပဏီ အမည်ဖြင့် အစဦးပိုင်းက မှာယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အထက်ပါအကြောင်းများကြောင့် အချင်းဖြစ် "KAto"ကုန်အမှတ်တံဆိပ် အချိုရည် ပစ္စည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဈေးကွက်အတွက် တရားလိုကုမ္ပဏီသို့ သက်သေခံ(ဃ) Exclusive Angency Agreement စာချုပ် ချုပ်ဆိုသည့် ၂-၅-၂၀၁၃ ရက်နေ့ကတည်းက အမှတ်(၂)တရားပြိုင်ကုမ္ပဏီသည် အမှတ်(၁)တရားပြိုင်ကုမ္ပဏီသို့ ပေးပို့ရောင်းချခဲ့ပြီး တရားလိုနှင့် သက်သေခံ(ဃ)စာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင်လည်း ပစ္စည်းများပေးပို့ရောင်းချစေမှုပြုခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ပါ၍ ငြင်းချက်အမှတ်(၁)အား အမှတ်(၁)တရားပြိုင်သည် တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့ ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ် မချုပ်ဆိုမီကပင် အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချနေသူဖြစ်သည်မှာ မှန်သည်ဟု ဖြေဆို လိုက်သည်။

<u>ငြင်းချက်အမှတ်(၂)</u>

အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမှတ်(၂) တရားပြိုင်ဖြစ်သူ LEADER TRADE PRODUCTS CO.LTD နှင့် တရားလိုကုမ္ပဏီတို့ အကြား သက်သေခံ(ဃ) ၂-၅-၂၀၁၃ ရက်စွဲဖြင့် Exclusive Angency Agreement စာချုပ် တစ်စောင်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း နှစ်ဖက်အငြင်းမပွားပေ။

အဆိုပါ သက်သေခံ(ဃ)စာချုပ်အား ချုပ်ဆိုရသော ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ တရားလိုကုမ္ပဏီ၏ကိုယ်စား ဦးဇော်ဝင်းနိုင်က အဆိုပါ အချိုရည်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်အတွင်း တစ်ဦးတည်းဖြန့်ဖြူးရောင်းချနိုင်ရေး ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုပေးရခြင်း ဖြစ်ကြောင်း၊ ယင်းသို့ချုပ်ဆိုရခြင်းမှာ နိုင်ငံခြားမှ ထုတ်လုပ်သောကုန်ပစ္စည်းတစ်ရပ်ကို မြန်မာနိုင်ငံ ဈေးကွက်၌ စတင်တင်သွင်းဖြန့်ဖြူးမည်ဆိုပါက အရောင်းမြှင့်တင်ရေးလုပ်ငန်းများအတွက် ဝန်ထမ်းလိုအပ်ချက်များ၊ ပစ္စည်းများသယ်ပိုးခြင်းစသည့်ကိစ္စရပ်များ၊ ဈေးကွက်အတွင်းပစ္စည်း ဖြန့်ဖြူးရောင်းချခြင်း အောင်မြင်ရန် ကြိုးစားဆောင်ရွက်ခြင်းများ ပြုလုပ်ရကြောင်း၊ ပြည်တွင်း ကုမ္ပဏီများအနေဖြင့် ယင်းလုပ်ငန်းများကို ငွေကုန်ခံ၍ ကြိုးပမ်းဆောင်ရွက်ပြီး ပစ္စည်းဈေးကွက် ပေါက်သောအချိန်တွင် ယင်းပစ္စည်းကို အခြားသူများက ဖြန့်ဖြူးရောင်းချခြင်းများပြုလုပ်ပါက ၎င်းတို့ကြိုးစားခဲ့သော အသီးအပွင့်များကို ခံစားရမည်မဟုတ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတည်း ဖြန့်ချီရောင်းချခြင်း ကိုယ်စားလှယ်ရရှိအောင် စာချုပ်ချုပ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာ နိုင်ငံရှိ လုပ်ငန်းရှင်ကုမ္ပဏီတိုင်း အလားတူကိစ္စမျိုးလုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ သက်သေခံ(ဃ) စာချုပ်အရ ကုမ္ပဏီအနေဖြင့် ထိုင်းကုမ္ပဏီထံမှ အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ် အချိုရည် များကို အမျိုးအစား(၄)မျိုး ကြိုတင်ငွေပေးချေဝယ်ယူသည့်စနစ်ဖြင့်သာ ဝယ်ယူတင်သွင်းရခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အမှတ်(၂)တရားပြိုင်ကုမ္ပဏီကမူ တစ်ဦးတည်း အရောင်းကိုယ်စားလှယ်အဖြစ် ချုပ်ဆိုပေးရန် အစီအစဉ်မရှိ၍ တရားလိုကုမ္ပဏီအား သက်သေခံ(ဃ) Exclusive Angency Agreement စာချုပ် ချုပ်ဆိုပေးခြင်းဖြစ်ပြီး တစ်ဦးတည်း ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် အဖြစ် ခန့်ထားခြင်းမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

တရားလိုကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းတာဝန်ယူထားသူ ဒါရိုက်တာ ဦးဇော်လွင်ဦးကလည်း သက်သေခံ(ဃ)စာချုပ်အရ အမှတ်(၂)တရားပြိုင်ထံမှ အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ် အချိုရည်များကို တရားဝင်ကုန်သွယ်မှုဆိုင်ရာ ဥပဒေများနှင့်အညီ ထိုင်းဘတ်ငွေ (၃)သန်းတန်ဖိုးရှိ ကွန်တိန်နာ(၉)လုံးကို ဝယ်ယူတင်သွင်းခဲ့ခြင်းဖြင့် တစ်ဦးတည်းကိုယ်စားလှယ် ဖြစ်ကြောင်း တင်ပြခဲ့သည်။

သို့သော် အမှတ်(၂)တရားပြိုင်ကုမ္ပဏီနှင့် တရားလိုတို့ သက်သေခံ(ဃ)စာချုပ် မချုပ်ဆိုမီကလည်းကောင်း၊ အမှတ်(၂)တရားပြိုင်ကုမ္ပဏီနှင့် အမှတ်(၁)တရားပြိုင်တို့ သက်သေခံ (၁၆) စာချုပ်ကို မချုပ်ဆိုမီကလည်းကောင်း၊ အမှတ်(၂)တရားပြိုင်ကုမ္ပဏီထံမှ "KAto" ကုန်အမှတ်တံဆိပ်အချိုရည်ကို အသီးသီးဝယ်ယူ တင်သွင်းရောင်းချခဲ့ကြကြောင်း အမှုတွင် အငြင်းမပွားပေါ်ပေါက်ခဲ့သည့်အတွက် အမှတ်(၁)တရားပြိုင်ကုမ္ပဏီမှ ကုန်ပစ္စည်းတစ်ရပ်ကို သာမန်အားဖြင့် မည်သူမဆို တစ်နိုင်တစ်ပိုင် ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချမှုပြုနိုင်ကြောင်းကိုလည်း ငြင်းဆို၍ မရနိုင်ပေ။

ထို့ပြင် သက်သေခံ(ဃ) Exclusive Angency Agreement စာချုပ်အား စိစစ်ကြည့်ရှုရာတွင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ချုပ်ဆိုကြောင်း သဘောသက်ရောက်သည့် စာသားအသုံးအနှုန်းပါရှိခဲ့ခြင်း မရှိကြောင်းတွေ့ရသည်။

သို့ဖြစ်ရာ ငြင်းချက်အမှတ်(၂)ကို အမှတ်(၂)တရားပြိုင်သည် တရားလိုကုမ္ပဏီနှင့် ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါစာချုပ်အရ အချင်းဖြစ် "KAto" ကုန်အမှတ်တံဆိပ်များကို တရားလို အားမြန်မာနိုင်ငံ၌ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် ခွင့်ပြုခဲ့ခြင်းမရှိဆိုလျှင် မှန်ကြောင်းနှင့် တရားလိုသည် အမှတ်(၂)တရားပြိုင်နှင့် ချုပ်ဆိုခဲ့သော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်အရ မြန်မာနိုင်ငံ၌တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့်ရရှိခဲ့သည်ဆိုလျှင် မမှန်ကြောင်း ဖြေဆိုလိုက်သည်။

အာဝဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
အာဝဝန်ယူသည်

**ငြင်းချက်အမှတ်(၃)**

သက်သေခံ(ဃ)၊ သက်သေခံ(၂၅) Exclusive Angency Agreement စာချုပ် အပိုဒ် ၃(၃)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> Agent must maintain distribution in the Union of Myanmar that guarantees total minimum target agreed and if the agent does not meet the minimum target for every 12 months, the seller shall send an announcement and the Agent will have (30)days to make good of the short comings and in case the Agent cannot overcome the shortcomings in time it will have he right to terminate the Agency.

အဆိုပါ ဖော်ပြချက်အရ ကိုယ်စားလှယ်လုပ်ငန်းအား ရပ်စဲပိုင်ခွင့်သည် (၁၂)လလျှင် အနည်းဆုံးသတ်မှတ်ချက်ကို ပြည့်မီအောင်ဖြန့်ဖြူးရောင်းချမှုမပြုနိုင်လျှင် ကိုယ်စားလှယ်အား သတ်မှတ်ချက်ပြည့်မီအောင်ရောင်းချနိုင်ရန် ရက်ပေါင်း ၃၀ အချိန်ပေးပြီး အကြောင်းကြားစာ ပေးပို့ပြီးမှသာ ရပ်စဲပိုင်ခွင့်ကို အမှတ်(၂)တရားပြိုင်က လုပ်ပိုင်ခွင့်ရှိမည်ဖြစ်သည်။

အခွင့်ရအရာရှိ

သက်သေခံ(ဃ)စာချုပ် အပိုဒ် ၃(၇)တွင်_

"The minimum sales will be between 30-40 containers within one year. It will be revised on mutual agreement. In events of parallel or third party importing, as it will affect the sales of the agent , falling of the sales shall be renegotiated by both parties"

ဟုပါရှိသည့်အတွက် အမှတ်(၁)တရားပြိုင်ကုမ္ပဏီက အနည်းဆုံး ရောင်းချမှုသည် တစ်နှစ်အတွင်း ကွန်တိန်နာအလုံးရေ ၃၀-၄၀ ဖြစ်ရမည်ဖြစ်သည်။

အမှတ်(၂)တရားပြိုင်က သက်သေခံ(ဃ) ၊ သက်သေခံ(၂၅) စာချုပ်အပိုဒ် ၃(၃) နှင့် အပိုဒ် ၃(၇)နှင့်ညီညွတ်ခြင်းမရှိဘဲ တရားလိုနှင့်စာချုပ်ချုပ်ဆိုသည့် ၂-၅-၂၀၁၃ ရက်နေ့မှ ၁၂ လ မပြည့်သေးခင် ၅ လ အထက်ကာလတွင် အနည်းဆုံးသတ်မှတ်ချက်မပြည့်ဆည်းနိုင်ဟူသော အကြောင်းပြချက်ဖြင့် သက်သေခံ(၂၆) နို့တစ်စာကို ၂၅-၁၀-၂၀၁၃ ရက်နေ့တွင် ပေးပို့ခဲ့သည်။

အမှတ်(၂)တရားပြိုင်၏ ကိုယ်စားလှယ် ဦးဟန်ဝင်းလွင်အား တရားလိုဘက်မှ မေးမြန်းရာတွင် စာချုပ်စည်းကမ်းချက်အပိုဒ် ၃(၃) အရလည်းကောင်း၊ အပိုဒ် ၃(၇)အရ လည်းကောင်း ညီညွတ်မှုမရှိဘဲ တရားလိုကုမ္ပဏီကို ကိုယ်စားလှယ်အဖြစ် ရပ်စဲခြင်းမှာ မှန်ကြောင်း နှင့် သက်သေခံ(၂၆)ဖြင့် ပေးပို့ခဲ့သော နို့တစ်စာပေးပို့သည့်ရက်စွဲမှာ ၂၅-၁၀-၂၀၁၃ ရက်နေ့ဖြစ်ပြီး ကိုယ်စားလှယ်အဖြစ်ရပ်စဲသည့်နေ့ရက်ကို ၂-၁၂-၂၀၁၃ ရက်နေ့ဟု သတ်မှတ်ခဲ့ပြီး ယင်းသတ်မှတ် ပေးပို့ချက်သည် သက်သေခံ(ဃ)စည်းကမ်းချက် အပိုဒ်(၆)တွင်ပါရှိသော (၃)လကြိုတင်၍ နို့တစ်စာ ပေးပို့ရမည်ဟူသော စည်းကမ်းချက်နှင့်မညီညွတ်ဟုဆိုလျှင် မှန်ကြောင်း၊ ယင်းကိစ္စမှာ ကုမ္ပဏီမှ လွှဲအပ်ထားသော ရှေ့နေ၏ဆောင်ရွက်မှုအရသာဖြစ်ပါသည်ဟု ဖြေဆိုခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ ငြင်းချက်အမှတ်(၃)အား အမှတ်(၂)တရားပြိုင်သည် တရားလိုနှင့် ချုပ်ဆိုသော ၂-၅-၂၀၁၃ ရက်စွဲပါ စာချုပ်၏ သဘောတူညီချက်အပိုဒ် ၃ ၊ အပိုဒ်ခွဲ (၃) နှင့်အညီ ဖြန့်ဖြူးရောင်းချခွင့်ကို ရပ်ဆိုင်းခဲ့ခြင်းမဟုတ်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ်(၄)

တရားလိုကုမ္ပဏီက တရားပြိုင်များအပေါ် စွဲဆိုသောအမှုတွင် "KAto" ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်း (သီးစုံဖျော်ရည်)များအပေါ်တွင် သက်သာခွင့်(၂)ရပ်ဖြစ်သည့် မြန်မာနိုင်ငံတစ်ဝန်း ဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းရလိုကြောင်း နှင့် လျော်ကြေးနစ်နာကြေးငွေ ကျပ်သိန်း(၂၀၀၀၀) ရလိုကြောင်း တောင်းဆိုခဲ့သည်။

အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTD မှ ထုတ်လုပ်သည့် "KAto"ကုန်အမှတ်တံဆိပ် စားသောက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း၌ ဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ သက်သေခံ (၁၈) ၂၄-၅-၂၀၁၂ ရက်နေ့၌ မှတ်ပုံတင်စာချုပ်အမှတ် ၄၃၃၂/၂၀၁၂ ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်သည့်အတွက် ယင်း "KAto"ကုန်အမှတ်တံဆိပ် စားသောက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို အမှတ်(၂)တရားပြိုင်ကုမ္ပဏီက တစ်ဦးတည်းမူပိုင်ဖြစ်သည်။

ထို့ကြောင့် အမှတ်(၂)တရားပြိုင်ကုမ္ပဏီက အမှတ်(၁)တရားပြိုင်ဖြစ်သည့် VIVO GROUP OF COMPANIES နှင့် ၃-၂-၂၀၁၄ ရက်နေ့တွင် သက်သေခံ(၁၆) Sole Agency and

Sole Distributor Agreement ကိုချုပ်ဆိုခဲ့ခြင်းမှာ ငြင်းချက်(၂)ကိုဖြေဆိုခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အမှတ်(၂)တရားပြိုင်ကုမ္ပဏီထံမှ “KAto” ကုန်အမှတ်တံဆိပ်ပါ အချိုရည်ကို ဖြန့်ဖြူးရောင်းချရန် တစ်ဦးတည်းအရောင်းကိုယ်စားလှယ်အဖြစ် ရရှိထားသူမဟုတ်သည့် တရားလိုကုမ္ပဏီအနေဖြင့် ၎င်း၏အကျိုးကိုနစ်နာစေကြောင်း ပေါ်ပေါက်စေခြင်းမရှိသဖြင့် ထာဝရတားဝရမ်းထုတ်ဆင့်ပေးရန် အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းဆိုနိုင်သည့်အနေအထား မရှိသောကြောင့် တရားလို၏ “KAto” ကုန်အမှတ်တံဆိပ် ဖြင့် ထုတ်လုပ်သော သီးစုံဖျော်ရည်ကို တရားပြိုင်များက မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းထုတ်ပေးရန် တရားလို တောင်းဆိုသော သက်သာခွင့်ကို ငြင်းပယ်ရန်ဖြစ်သည်။

သက်သေခံ(ဃ) စာချုပ်ကို ချုပ်ဆိုပဋိညာဉ်ပြုသူ တရားလိုနှင့် အမှတ်(၂) တရားပြိုင်တို့သည် ပဋိညာဉ်ပါတာဝန်များကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၇ အရ လိုက်နာရန် အသီးသီးတာဝန်ရှိသည်။ ပဋိညာဉ်တစ်ရပ်ကို ချိုးဖောက်ပါက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ အရ နစ်နာမှုအတွက် လျော်ကြေးရထိုက်ခွင့်ရှိပေသည်။

လျော်ကြေးအနေဖြင့် နစ်နာကြေးငွေကျပ်သိန်း (၂၀၀၀၀)ရလိုကြောင်း သက်သာခွင့်အား တရားလို ရထိုက်/မရထိုက်ကို စိစစ်ရာတွင် ငြင်းချက်အမှတ်(၃)ကို ဖြေဆိုချက်အရ အမှတ်(၂) တရားပြိုင်နှင့် ချုပ်ဆိုခဲ့သော သက်သေခံ(ဃ) ၂-၅-၂၀၁၃ ရက်စွဲပါ Exclusive Angency Agreement စာချုပ် အပိုဒ် ၃၊ အပိုဒ်ခွဲ(၃)(၇)တို့နှင့်အညီ အမှတ်(၂)တရားပြိုင်ဘက်မှ ရပ်ဆိုင်းခဲ့ခြင်းမဟုတ်သဖြင့် ယင်းစာချုပ်အရ တရားလိုတွင် နစ်နာမှုရှိကြောင်းမြင်သာသည်။

သက်သေခံ(ဃ)စာချုပ်တွင် ပဋိညာဉ်ကို ချိုးဖောက်ပါက ပေးလျော်ရမည့်လျော်ကြေး သတ်မှတ်ထားချက်မရှိကြောင်းတွေ့ရသည်။ တရားလိုကုမ္ပဏီက နစ်နာမှုအတွက် ငွေကျပ်သိန်း ၂၀၀၀၀ ရလိုကြောင်း တောင်းဆိုသော်လည်း ထိုသို့ရထိုက်ကြောင်း တွက်ချက်တင်ပြခဲ့ခြင်းမရှိပေ။

တရားလိုအနေဖြင့် သက်သေခံ(ဃ)စာချုပ်အရ လုပ်ဆောင်ခဲ့ရသည့် ကျွမ်းကျင်ဝန်ထမ်းများခန့်ထားရခြင်း၊ လက်လီလက်ကားရောင်းချပေးနိုင်သည့် ဖောက်သည်အသစ်များဆက်သွယ်ရှာဖွေခြင်း၊ ပစ္စည်းအမြန်ရောင်းချနိုင်ရေးအတွက် ကော်မရှင်ခသတ်မှတ်ပေးခြင်း၊ ကုန်ဖိုး အကြွေးစနစ်ဖြင့်ရောင်းချခြင်းစသည့် ဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ရကြောင်း တရားလိုကုမ္ပဏီဘက်မှ တင်ပြချက်ရှိသည်။

အဆိုပါ စရိတ်စကများမှာ သက်သေခံ(ဃ) စာချုပ် အပိုဒ် ၃(၆)တွင် ကိုယ်စားလှယ်တစ်ဦးတည်းပေါ်တွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း သတ်မှတ်ထား၍ ယင်းကုန်ကျစရိတ်များကို တောင်းဆိုခွင့်ရှိနိုင်မည်မဟုတ်ဟု ယူဆရန်ရှိသော်လည်း စာချုပ်သက်တမ်း(၅)နှစ်မကုန်ဆုံးမီ စာချုပ်စည်းကမ်းနှင့်မညီညွတ်ဘဲ အမှတ်(၁)တရားပြိုင်ဘက်မှ တစ်ဖက်သတ်ရပ်စဲခဲ့ခြင်းအပေါ် တရားလိုအနေဖြင့် စိုက်ထုတ်ရင်းနှီးခဲ့ရသည်များကို လျော်ကြေး အဖြစ်ပေးရန် တာဝန်ရှိကြောင်း သုံးသပ်ရသည်။ ယင်းသို့ကုန်ကျစရိတ်များကို တရားလိုဘက်မှ အတိအလင်းထွက်ချက်တင်ပြမှု မရှိခဲ့ပေ။

တရားလိုကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းတာဝန်ယူထားသူ ဦးဇော်လွင်ဦး (လိုပြ-၁)က သက်သေခံ(ဃ)စာချုပ်ချုပ်ဆိုပြီးနောက် ကွန်တိန်နာ(၉)လုံးတင်သွင်းပြီးကြောင်း သက်သေခံ(ဈ) စာတွဲရှိ ကုန်ဝယ်အမှာစာများဖြင့် တင်ပြခဲ့သည်။ ထိုသို့တင်သွင်းမှုအတွက် စရိတ်စက ကုန်ကျငွေ ကွန်တိန်နာ(၁)လုံးလျှင် (၁၀)သိန်းကျော် ကုန်ကျခဲ့ကြောင်း၊ ကွန်တိန်နာ(၁)လုံး၏ တန်ဖိုးမှာ ကျသင့်ငွေ ထိုင်းဘတ် ၃၁၆၈၀၀ ဖြစ်ကြောင်း သက်သေခံ(ဈ) ကုန်မှာပြေစာ

များအရ ပေါ်လွင်ပြီး နစ်ဖွက်အငြင်းမပွားခဲ့ပေ။ အဆိုပါ နှုန်းထားများအပေါ်အခြေခံ၍ လျော်ကြေးပေးရာတွင် ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

တရားလိုကုမ္ပဏီအား ကိုယ်စားလှယ်အဖြစ်မှရပ်စဲသဖြင့် အချင်းဖြစ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေးအောင်မြင်မှုမရှိဘဲ ရပ်တန့်သလောက်ဖြစ်သွားကြောင်း၊ ထိုသို့ဖြစ်ပျက်နေသည့် အချိန်တွင် ကွန်တိန်နာ(၅)လုံးအထက် ရောင်းချရန်ကျန်ရှိနေကြောင်း ထွက်ဆိုခဲ့သည်။

ထို့ကြောင့် သက်သေခံ(ဃ)စာချုပ်အား အမှတ်(၂)တရားပြိုင်ဘက်မှ ဖောက်ဖျက်ရပ်စဲ၍ နစ်နာခဲ့သော ကျွမ်းကျင်ဝန်ထမ်းခန့်ထားရခြင်း၊ လက်လီလက်ကားရောင်းချပေးနိုင်သည့် ဖောက်သည်များရှာဖွေခြင်း၊ ကော်မရှင်ခ သတ်မှတ်ပေးခြင်း၊ ကုန်ဖိုးအကြွေးစနစ်ဖြင့် ရောင်းချခြင်း စသည့် စရိတ်စကနှင့် ရောင်းချခြင်းမပြုရသေးသော ကွန်တိန်နာ(၅)လုံးအပေါ် သင့်တော်မည့် စရိတ်စကကို ဦးဇော်လွင်ဦး(လိုပြ-၁)ထွက်ချက်နှင့် သက်သေခံ(ဈ)ကုန်ဝယ်ပြေစာ တို့အပေါ် အထောက်အထားပြု၍ ငွေကျပ်သိန်း ၁၀၀၀ တရားလိုကုမ္ပဏီသို့ အမှတ်(၂)တရားပြိုင်က ပေးလျော်ရန် သင့်ကြောင်း သုံးသပ်ရရှိသည်။

အမှတ်(၁)တရားပြိုင်ကုမ္ပဏီအနေဖြင့် တရားလိုနှင့် အမှတ်(၂)တရားပြိုင်တို့အကြား ကတိပဋိညာဉ်ဖောက်ဖျက်မှုအတွက် ၎င်းတွင် တာဝန်ရှိစေမည်မဟုတ်ပေ။

ထို့ကြောင့် ငြင်းချက်အမှတ်(၄)ကို "KAto"ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်း(သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံတစ်ဝှမ်း ဈေးကွက်အတွင်း တရားပြိုင်များ၏ဖြန့်ဖြူးရောင်းချမှုမပြုရန် ထာဝရတားဝရမ်းရထိုက်ခွင့်မရှိကြောင်းနှင့် တရားလို R.N ENTERPRISE LTD သို့ အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTD က နစ်နာကြေးငွေကျပ်သိန်း ၁၀၀၀ ပေးလျော်စေရန် ဖြစ်ကြောင်း ဖြေဆိုလိုက်သည်။

အထက်ပါ ရုံးငြင်းချက်များအား ဖြေဆိုချက်အရ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

တရားလို တောင်းဆိုသည့် "KAto" ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် ထုတ်လုပ်ထားသော ကုန်ပစ္စည်း(သီးစုံဖျော်ရည်)များကို မြန်မာနိုင်ငံတစ်ဝှမ်းဈေးကွက်အတွင်း တရားပြိုင်များက ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းရလိုကြောင်းစွဲဆိုမှုကို ပလပ်ပြီး တရားလို R.N ENTERPRISE LTD အား အမှတ်(၂)တရားပြိုင် LEADER TRADE PRODUCTS CO.LTD က လျော်ကြေးငွေကျပ်သိန်း ၁၀၀၀ (ကျပ်သိန်းတစ်ထောင်တိတိ) ပေးလျော်စေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀၀ိ/- သတ်မှတ်သည်။

(စိုးခက်ခက်)
တရားသူကြီး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်